**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE/ NM / ၀၈ /၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၉.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊ မဇ-၁(၀၁)/၁-၄၃(၂၀၂၃)/၁၈၅၅

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၈.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊SSE/NM/၀၇/၂၀၂၃

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊SSE/NM/၀၆/၂၀၂၃

၁။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိကာ ဆိုက်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်ကြောင်းကို ရည်ညွှန်းချက်(၂) နှင့် (၃)ပါစာများဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေကြောင်းသတိပေးချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ နောက်ဆက်တွဲခန့်မှန်းချက်အနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၉.၅.၂၀၂၃) ရက်နေ့ (၁၂:၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း၊ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက်(၉)နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ (၁၀.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် ဆိုက်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟုခန့်မှန်းရပါသည်။ အဆိုပါ ဆိုက်ကလုန်းမုန်တိုင်းသည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားပြီး (၁၂.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

၃။ သို့ဖြစ်ပါ၍ (၉.၅.၂၀၂၃) ရက်နေ့မှ (၁၁.၅.၂၀၂၃) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ်

ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၃၅) မှ (၄၀) ခန့်အထိ တိုက်ခတ်နိုင်ပြီး (၁၂.၅.၂၀၂၃) ရက်နေ့မှ (၁၄.၅.၂၀၂၃) ရက်နေ့အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၇၀) မှ (၈၀) ခန့်အထိ တိုက်ခတ်နိုင်ကြောင်းခန့်မှန်းထားပါသည်။

၄။ အဆိုပါခန့်မှန်းချက်အရ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် (၁၁.၅.၂၀၂၃) ရက်နေ့မှ (၁၅.၅.၂၀၂၃) ရက်နေ့အတွင်း ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)